သို့
ဆရာမကြီး၊ အတန်းပိုင်ဆရာဆရာမ သို့မဟုတ် လုပ်ဖော်ကိုင်ဖက် ပညာရေးဝန်ထမ်း

**အကြောင်းအရာ – UNGEI နှင့် ပညာရေးအတွက် ကမ္ဘာ့လှုပ်ရှားမှု – အရေးပါသောဖြစ်စဉ် သင်ခန်းစာ "မိန်းကလေးများနှင့် အမျိုးသမီးများ ပညာရေး၊ အမှန်ရသင့်တဲ့ အခွင့်အရေး၊ မဆိုင်းမတွ ဖော်ဆောင်ပေး" ဆောင်ပုဒ်ဖြင့် ဆင်နွှဲမည့် ၂၀၁၁ခုနှစ် ကမ္ဘာတစ်ဝန်း လုပ်ငန်းဆောင်ရွက်ရေး ရက်သတ္တပတ်**

---

အရှေ့အာရှ ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ၏ မိန်းကလေးများ ပညာသင်ကြားရေး လုပ်ငန်း (EAP UNGEI) သည် ကမ္ဘာ့ပညာရေးလှုပ်ရှားမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက် **၂၀၁၁ခုနှစ်မေလ ၂ရက်မှ ၈ရက်အထိ အရေးပါသောဖြစ်စဉ် သင်ခန်းစာ အစီအစဉ်** ပြုလုပ်သည့်အခါတွင် ဆရာဆရာမတို့၏ ကျောင်းအနေဖြင့် ပါဝင်ဆင်နွှဲနိုင်ပါရန် ဤစာဖြင့် ဖိတ်ကြားပါသည်။ ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ကလေးသူငယ်များနှင့် အရွယ်ရောက်ပြီးသူများ သန်းပေါင်းများစွာတို့သည် အရေးပါသောဖြစ်စဉ် အစီအစဉ်တွင် ပါဝင်ဆင်နွှဲပြီး အခက်အခဲအမျိုးမျိုးကို ကျော်လွှားလျက် ကျောင်းပညာရေးကို ဆုံးခန်းတိုင်အောင် တက်ရောက်သင်ကြားခဲ့ကြသည့် ထူးခြားစွမ်းဆောင်နိုင်သော အမျိုးသမီးများနှင့် မိန်းကလေးများ အကြောင်း စိတ်ဓာတ်တက်ကြွဖွယ် ဖြစ်စဉ်များကို နားထောင်ကြပါမည်။ ဤအရေးပါသော အစီအစဉ်တွင် ဆရာဆရာမတို့၏ ကျောင်းလည်း ပါဝင်ဆင်နွှဲနိုင်ပြီး ကျောင်းသားကျောင်းသူများအတွက် ပညာဗဟုသုတ တိုးပွားရုံမျှမက ပျော်ရွှင်ဖွယ်ရာ ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အရေးပါသောဖြစ်စဉ် သင်ခန်းစာ အစီအစဉ်မှာ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပညာရေး အရေးကြီးပုံကို ဖော်ပြထားခြင်းဖြစ်ပါသည်။ အမျိုးသမီးနှင့် မိန်းကလေး အများအပြားမှာ ကျောင်းမနေဖူးသဖြင့် စာရေးစာဖတ် မတတ်ကြပါ။ အချို့မှာကျောင်းနေစဉ် ကျောင်းစရိတ်မတတ်နိုင်၍ ကျောင်းထွက်ခဲ့ရသူများ ဖြစ်ပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးများ ကျောင်းတက်နိုင်စေရန် အခြေအနေများ ဖန်တီးပေးမည်ဟု ခေါင်းဆောင်များက ကတိပြုထားပါသည်။ ၂၀၁၁ ခုနှစ်တွင် ယင်းကတိကဝတ်အတိုင်း အကောင်အထည် ပေါ်လာမည်ဟု မျှော်လင့်ပါသည်။

ဆရာဆရာမတို့၏ ကျောင်းမှ ဆရာဆရာမများနှင့် ကလေးသူငယ်များသည် ကမ္ဘာတစ်ဝန်းမှ ဆရာဆရာမနှင့် ကလေးသူငယ် သန်းပေါင်းများစွာနှင့် အတူ တစ်ကမ္ဘာလုံးဆိုင်ရာ ဤအစီအစဉ်တွင် ပါဝင်ဆင်နွှဲနိုင်မည်ဟု မျှော်လင့်ပါသည်။ သင်ခန်းစာ အစီအစဉ် ရေးဆွဲသည့် အတွေ့အကြုံကို ဒေသတစ်ဝန်းမှ UNGEI မိတ်ဖက်များနှင့် အထူးသဖြင့် သင်ခန်းစာ ပြီးဆုံးချိန်တွင် ပုံဆွဲခြင်းဖြင့် မျှဝေပါမည်။ အစီအစဉ် ပြီးဆုံးချိန်တွင် ဆရာဆရာမတို့၏ ကျောင်းကို ကမ္ဘာတစ်ဝန်း ထောင်နှင့်ချီသော ကျောင်းများနှင့်အတူ မှတ်တမ်းထည့်သွင်းနိုင်ရန် အစီအစဉ်တွင် ပါဝင်ကြောင်း အင်တာနက်မှတဆင့် အတည်ပြု ပေးစေလိုပါသည်။

အရေးပါသောဖြစ်စဉ် သင်ခန်းစာ အစီအစဉ်တွင် ပါဝင်ရာ၌ အထောက်အကူဖြစ်စေရန် အရင်းအမြစ် အချို့ကို ပြုစုထားပါသည်။

- အရေးပါသောဖြစ်စဉ် သင်ခန်းစာ ပို့ချပုံ
- ပုံဆွဲလေ့ကျင့်ခန်းအတွက် ညွှန်ကြားချက်များ

မိန်းကလေးများနှင့် အမျိုးသမီးများအားလုံး ပညာသင်ကြားခွင့် ရရှိစေရေး ပံ့ပိုးမှုပေးမည့် ဤစိတ်လှုပ်ရှားဖွယ်ရာ အစီအစဉ်တွင် ပါဝင်ဆင်နွှဲနိုင်မည်ဟု မျှော်လင့်ပါသည်။

လှိုက်လှဲစွာဖြင့်

UNGEI United Nations Girls' Education Initiative | GLOBAL CAMPAIGN FOR EDUCATION www.campaignforeducation.org

**၂၀၁၁ခုနှစ် ကမ္ဘာတစ်ဝန်း လုပ်ငန်းဆောင်ရွက်ရေး ရက်သတ္တပတ် — အရေးပါသောဖြစ်စဉ် သင်ခန်းစာ "မိန်းကလေးများနှင့် အမျိုးသမီးများ ပညာရေး၊ အမှန်ရသင့်တဲ့ အခွင့်အရေး၊ မဆိုင်းမတွ ဖော်ဆောင်ပေး"**

ဦးတည်ချက်များ

၁။ ကမ္ဘာတစ်ဝန်းတွင် သန်းပေါင်းများစွာသော ကလေးသူငယ်များနှင့် အရွယ်ရောက်ပြီးသူများသည် ကျောင်းနေရန် အခွင့်အလမ်းမရရှိကြောင်း နှင့် ၎င်းတို့အနက် အများစုမှာ အမျိုးသမီးများနှင့် မိန်းကလေးများဖြစ်ကြောင်း ဆွေးနွေးရန်
၂။ ကျောင်းသားကျောင်းသူများကို သိမြင်နားလည်မှု မြှင့်တင်ပြီး ကမ္ဘာကြီးကို ကျား–မ အခန်းကဏ္ဍ ရှုထောင့်မှ ရှုမြင်ရေး အားပေးရန်
၃။ ကမ္ဘာ့ခေါင်းဆောင်များက ပြုလုပ်ခဲ့သောကတိကဝတ်များနှင့် ဤကတိကဝတ်များကို ပြည့်မီအောင် ဆောင်ရွက်ပေးခြင်းမရှိသေးကြောင်း ဆွေးနွေးရန်
၄။ ကမ္ဘာတစ်ဝန်း ဤကြိုးပမ်းအားထုတ်မှု တစ်စိတ်တစ်ဒေသအဖြစ် ကျောင်းသူကျောင်းသားများက ပါဝင်ပြောကြားနိုင်ကြောင်းပြသရန်

သင်ခန်းစာပြီးဆုံးသောအခါတွင် ကျောင်းသားကျောင်းသူများသည် အောက်ပါတို့ကိုဆောင်ရွက်နိုင်ပါမည်။

- မိန်းကလေးများကိုပညာသင်ကြား ပေးခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများကို နားလည်သဘောပေါက်ခြင်း
- ကမ္ဘာ့နေရာဒေသအသီးသီးရှိ အခြားသောကလေးသူငယ်များ၏ ဘဝနေထိုင်မှုနည်းလမ်းများ ကွာခြားပုံကို သိရှိနားလည်ခြင်း
- မိန်းကလေးများ ကျောင်းနေနိုင်စေသည့် အကြောင်းအချက်များနှင့် ကျောင်းမနေနိုင်ရန် အတားအဆီးပြုသည့် အကြောင်းအချက်များကို နားလည်သဘောပေါက်ခြင်း

<u>အပိုင်း (က)</u>

ပထမပိုင်း – နိဒါန်း (၅မိနစ်)

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများတွင် ကလေးသူငယ်များသည် ပညာမသင်ကြားနိုင်သော အမျိုးသမီးနှင့် မိန်းကလေး သန်းပေါင်းများစွာတို့နှင့် သွေးစည်းညီညွတ်လျက် ကမ္ဘာတစ်ဝန်း အထူးခြားဆုံးသော အမျိုးသမီးများနှင့်အတူတကွ အရေးပါသောဖြစ်စဉ်သင်ခန်းစာအစီအစဉ်တွင် ပါဝင်လျက်ရှိကြောင်း ဆရာဆရာမက ရှင်းလင်းပြောကြားပါ။

လူငယ်လူရွယ်မည်မျှ ကျောင်းမနေနိုင်ကြောင်းနှင့် ၎င်းတို့အနက် မည်မျှမှာ အမျိုးသမီးများနှင့် မိန်းကလေးများ ဖြစ်ကြောင်း ဆရာဆရာမက အတန်းကို မေးမြန်းရန်ဖြစ်ပါသည်။

ဆရာဆရာမက အခြေခံ အချက်အလက်အချို့ကို ပြောပြနိုင်ပါသည်။
- ကမ္ဘာတစ်ဝန်းတွင် ကလေးသူငယ် ၇၂သန်းသည် ကျောင်းမနေကြရပါ။
- ၎င်းတို့အနက် ၅၄% (၃၉သန်းခန့်) မှာ မိန်းကလေးများဖြစ်ပါသည်။
- စာရေးစာဖတ် မတတ်သော အရွယ်ရောက်ပြီးသူ ၃ပုံ၂ပုံမှာ အမျိုးသမီးများဖြစ်ပါသည်။

ပညာမသင်ကြားရသော မိန်းကလေးတစ်ဦးသည်
- စောစီးစွာလက်ထပ်ရခြင်း
- သားသမီးထွန်းကားပါက အာဟာရချို့တဲ့ပြီး ရောဂါဖြစ်ပွားခြင်းကြောင့် သားသမီးများဆုံးရှုံးရခြင်း
- ဆင်းရဲနွမ်းပါးခြင်း

တို့ကို ကြုံတွေ့ရမည့် အလားအလာပိုမိုများပြားပါသည်။

ထူးခြားသော လုပ်ငန်းတစ်ရပ်ရပ်ဆောင်ရွက်ဖူးသော အမျိုးသမီး သို့မဟုတ် မိန်းကလေး တစ်စုံတစ်ဦးကို သိမသိ ကျော်းသူကျောင်းသားများကို ဆရာဆရာမက မေးမြန်းပါ။ ဤအမျိုးသမီးသည်ကျောင်းနေခဲ့ဖူးပါသလား။

ဒုတိယပိုင်း – ကျား–မ အခန်းကဏ္ဍများနှင့် ပညာရေး

ယောကျ်ားလေးများနှင့် မိန်းကလေးများအကြား ကွဲပြားခြားနားမှုများကို များပြားစေပြီး ပညာရေးကို ထိခိုက်စေနိုင်သော အခြေအနေများကို ဖော်ထုတ်နိုင်ပါမည်လားဟု ဆရာဆရာမက ကျောင်းသူကျောင်းသားများကို မေးမြန်းပါ။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမျိုးသမီးများအတွက် ပညာရေးအခွင့်အလမ်းများအရေးကြီးပုံကို ဆရာ၊ ဆရာမမှမေးမြန်းပါ။

*(အတန်းကြီးများဖြစ်ပါက ကလေးသူငယ်၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းကို ဆွေးနွေးပါ။)* ကွန်ဗင်းရှင်းဆိုင်ရာ အချက်အလက် အကျဉ်းချုပ်မှာ အောက်ပါတိုင်းဖြစ်ပါသည်။
- ကလေးသူငယ်၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (CRC) ကို ၁၉၈၉ ခုနှစ်တွင် အတည်ပြုသည်။ လူ့အခွင့်အရေးများ အပြည့်အစုံ ထည့်သွင်းရေးဆွဲထားသော ဥပဒေအရ လိုက်နာဆောင်ရွက်ရန် စည်းနှောင်မှု ရှိသည့် ပထမဆုံး နိုင်ငံတကာ စာချုပ်စာတမ်းဖြစ်သည်။
- ကွန်ဗင်းရှင်းတွင် မည်သည့်နေရာဒေသ၌မဆို ကလေးသူငယ်များသည် အဆင့်အတန်း၊ ယုံကြည်ကိုးကွယ်မှု၊ လူမျိုး စသည်ဖြင့် မည်သို့ပင် ရှိစေကာမူ ရရှိရမည့် အခြေခံ လူ့အခွင့်အရေးများကို အသေးစိတ် ဖော်ပြထားသည်။ ယင်းလူ့အခွင့်အရေးများတွင် အသက်ရှင်သန်ခြင်းဆိုင်ရာ အခွင့်အရေး၊ အပြည့်အဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အရေး၊ ထိခိုက်သော ဩဇာသက်ရောက်မှုများ၊ မလျော်မကန်ပြုမူမှုနှင့် ခေါင်းပုံဖြတ်မှုတို့မှ ကာကွယ်စောင့်ရှောက်မှု ရရှိရန် အခွင့်အရေး၊ မိသားစုဘဝ၊ ယဉ်ကျေးမှုနှင့် လူမှုရေး ဘဝတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ရန် အခွင့်အရေးများ ပါဝင်သည်။ ကွန်ဗင်းရှင်း၏ အခြေခံ မူ ၄ရပ်မှာ ခွဲခြားဆက်ဆံမှုမပြုခြင်း၊ ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများကို အလေးထားခြင်း၊ ဘဝနေထိုင်မှု၊ အသက်ရှင်သန်မှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အခွင့်အရေး ရှိခြင်း၊ ကလေးသူငယ်၏ ရှုမြင်ပုံများကို အလေးဂရုပြုခြင်း တို့ဖြစ်သည်။
- ကွန်ဗင်းရှင်းကို ကမ္ဘာ့နိုင်ငံအားလုံးနီးပါးက လက်ခံထားသည်။ နိုင်ငံပေါင်း ၁၉၄နိုင်ငံက အတည်ပြုပြီး ဖြစ်သည်။
- နိုင်ငံတော်အစိုးရများသည် CRC ကို အတည်ပြုခြင်း သို့မဟုတ် CRC တွင် ပါဝင်ခြင်းအားဖြင့် CRC ပါ လုပ်ငန်းတာဝန်များကို လက်ခံဆောင်ရွက်ရန် သဘောတူညီခြင်းဖြစ်ပါသည်။ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်လျက် ဖော်ဆောင်ပေးရန် ကတိကဝတ်ပြုခြင်းလည်း ဖြစ်ပါသည်။ နိုင်ငံတကာ အသိုက်အဝန်း ရှေ့မှောက်တွင် ဤကတိကဝတ်ပြုချက်အတွက် မိမိတို့ လုပ်ငန်းဆောင်ရွက်မှုကို တာဝန်ယူရန်လည်း သဘောတူညီရာ ရောက်ပါသည်။

ပထဝီနယ်မြေဒေသ၊ မတူညီသော ယဉ်ကျေးမှုများ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ ကလေးသူငယ်များ၏ ဘဝနေထိုင်မှု အခြေအနေများ အကြောင်း ကျောင်းသားကျောင်းသူများ ဗဟုသုတဖြစ်စေရန် ဆရာဆရာမက ပြောကြားပေးပါ။

ပညာရေးတွင် အမျိုးသားများနှင့် အမျိုးသမီးများအတွက် အခွင့်အလမ်း သာတူညီမျှရှိစေရေး အားပေးရန်အတွက် မည်သည်တို့ကို ဆောင်ရွက်နိုင်မည်ဟု ထင်မြင်ကြောင်း ဆရာဆရာမက ကျောင်းသားကျောင်းသူများကို မေးမြန်းပါ။

ကျောင်းသားကျောင်းသူများအား ၎င်းတို့သိရှိသော အလုပ်အကိုင်အချို့အကြောင်းကို မေးမြန်းပါ။ ယင်းအလုပ်အကိုင်များကို ပုံမှန်အားဖြင့် အမျိုးသားများ နှင့်/သို့မဟုတ် အမျိုးသမီးများက လုပ်ကိုင်ကြကြောင်း မေးမြန်းပါ။

နေအိမ်တွင် မည်သည့်အိမ်အလုပ်များကို လုပ်ကိုင်ရကြောင်း မေးမြန်းပါ။ အိမ်အလုပ်များအနက် အမျိုးသားများသာ လုပ်လေ့ရှိသော အလုပ်/အမျိုးသမီးများသာ လုပ်လေ့ရှိသော အလုပ်ဟူ၍ ရှိပါသလား။ ဤအလုပ်တာဝန်ခွဲဝေမှုမှာ မျှတမှုရှိပါသလား။

မိဘများက အိမ်တွင် လုပ်စရာအလုပ် များပြား၍ ကျောင်းမသွားနှင့်တော့ဟု ပြောလျှင် မည်ကဲ့သို့ခံစားရမည်နည်း ဟု ကျောင်းသားကျောင်းသူများကို မေးမြန်းပါ။

ကျောင်းနေခြင်းမှာ အဘယ်ကြောင့်အရေးကြီးကြောင်းနှင့် အချို့ ကလေးသူငယ်များ၊ အထူးသဖြင့် မိန်းကလေးများသည် အဘယ်ကြောင့်ကျောင်းမနေကြရကြောင်း ကျောင်းသားကျောင်းသူများကို မေးမြန်းပါ။

အဖြေများတွင် အောက်ပါတို့ပါဝင်နိုင်ပါသည်။

- *အချို့သောကလေးသူငယ်များ နေထိုင်ရာ နယ်မြေဒေသများတွင် ပဋိပက္ခဖြစ်ပွားနေသည်။ သို့မဟုတ် သဘာဝဘေးရန်များကြောင့် ထိခိုက်သည်။*
- *အချို့ယဉ်ကျေးမှုများတွင် ပညာရေးအတွက် ငွေကြေးမတတ်နိုင်သောအခါ မိန်းကလေးများကို ဦးစွာ ကျောင်းမှ နုတ်လေ့ရှိသည်။*
- *မိန်းကလေးများသည် ကျောင်းမှထွက်စေခြင်း၊ စောစီးစွာ အိမ်ထောင်ချထားပေးခြင်းများ ခံရပြီး အိမ်အလုပ်ကိုသာ လုပ်ကိုင်ကြရတတ်သည်။*
- *အချို့သော ကလေးသူငယ်များသည် ကျောင်းမှအလွန်ဝေးလံသောနေရာများတွင် နေထိုင်ကြသည်။ ကျောင်းသို့သွားရန် အန္တရာယ်များပြားသောကြောင့် နေအိမ်တွင်သာ နေထိုင်ကြရသည်။ အထူးသဖြင့် မိန်းကလေးများမှာ နှောင့်ယှက်ခြင်း၊ အကြမ်းဖက်ခြင်း ခံရတတ်သည်။*
- *ဆင်းရဲနွမ်းပါးခြင်း – ကလေးသူငယ်အချို့သည် အလုပ်လုပ်၍ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေကူညီရှာဖွေပေးကြရသည်။*
- *စာအုပ်များနှင့် ကျောင်းဝတ်စုံများ ဝယ်ယူရန် ငွေကြေး မတတ်နိုင်ကြပါ။*
- *ကျောင်းလခပေးရန် ငွေမရှိပါ။*
- *ကလေးများအားလုံး ကျောင်းတက်နိုင်ရန်အတွက် ကျောင်းအလုံအလောက်မရှိပါ။*
- *ဆရာဆရာမများ မလုံလောက်ပါ။*

တတိယပိုင်း – ဤကိစ္စအတွက် မည်သို့ ဆောင်ရွက်နိုင်ပါမည်နည်း (၁၀ မိနစ်)

မိန်းကလေးများ ကျောင်းတက်ရန် အထောက်အကူပြုနိုင်သည့် အကြောင်းအချက်များကို ကျောင်းသားကျောင်းသူများအား ပြောကြားပါစေ။ အောက်ပါအချက်များကို ပြောကြားလာနိုင်ပါသည်။

- *ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစိုးရက မိန်းကလေးများပညာရေးအတွက် ပံ့ပိုးမှု တိုးမြှင့်ပေးခြင်း*
- *မိန်းကလေးများအတွက် အရှက်အကြောက် လုံခြုံသည့် သန့်ရှင်းရေးအစီအမံများ ထားရှိပေးခြင်း*
- *မိန်းကလေးများမှာ နိမ့်ကျသည်ဟူသော အယူအစွဲကို ဖယ်ရှားခြင်း*
- *ပညာသင်ကြားရာတွင် ကျောင်းလခယူခြင်းနှင့် အခြားကွယ်ဝှက်နေသော ကုန်ကျစရိတ်များ မရှိစေရန် ဖယ်ရှားပေးခြင်း*
- *အမျိုးသမီးများနှင့်မိန်းကလေးများ ပညာသင်ကြားနိုင်ရေး စည်းရုံးလှုံ့ဆော်ပေးရန် ယောကျ်ားလေးများနှင့် အမျိုးသားများအား အားပေးခြင်း*

ဆရာဆရာမက တစ်တန်းလုံးအား အောက်ပါတို့ကို မေးမြန်းပါ။ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နေသူတစ်ဦးကို ကျောင်းသို့ ဖိတ်ကြားနိုင်မည်ဆိုပါက အောက်ဖော်ပြပါ မေးခွန်းအချို့ကို ဖြေကြားစေနိုင်ပါသည်။

- *ကမ္ဘာပေါ်တွင်ကလေးသူငယ်အရေအတွက် မည်မျှ ကျောင်းမနေနိုင်ဘဲ ရှိပါသနည်း။*
- *ပညာရေးနှင့်စပ်လျဉ်းပါက မည်သည့်အုပ်စုမှာ အထိခိုက်ဆုံးဖြစ်ပါသနည်း။*
- *ပညာတတ်မြောက်သော နာမည်ကျော်အမျိုးသမီးတစ်ဦး၏ အမည်ကို ဖော်ပြပါ။*
- *ပညာရေးသည် အဘယ်ကြောင့်အရေးကြီးကြောင်း အကြောင်းရင်းအချို့ကို ဖော်ပြပါ။*
- *ယောကျာ်းလေးများနှင့် မိန်းကလေးများ ပညာရေး တိုးတက်ကောင်းမွန်စေရန် မည်သည်တို့ကို ဆောင်ရွက်ရ ပါမည်နည်း။*

စတုတ္ထပိုင်း – လေ့ကျင့်ခန်း (မိနစ် ၃၀)

မိန်းကလေးများကို ပညာသင်ကြားပေးရန် အဘယ်ကြောင့် အရေးကြီးသည်ဟု ထင်မြင်ကြောင်း ကျောင်းသား ကျောင်းသူများကို မေးမြန်းပါ။ "မိန်းကလေးများကို ပညာသင်ကြားစေခြင်းဖြင့် အားလုံးအတွက် မည်သို့ အကျိုး ဖြစ်ထွန်းပါသနည်း" ဟူသော မေးခွန်းကို ပုံဆွဲ၍ဖြစ်စေ၊ ဥပမာပေး၍ဖြစ်စေ ဖြေကြားပါစေ။

ပူးတွဲပါ ပြိုင်ပွဲပိုစတာတွင် နောက်ထပ် ညွှန်ကြားချက်များကို ဖော်ပြထားပါသည်။ (ပန်းချီဆွဲပြိုင်ပွဲမှာ ဆန္ဒအလျောက် ပါဝင်ယှဉ်ပြိုင်စေရန် ဖြစ်ပါသည်။ ပြိုင်ပွဲမဝင်သူများလည်း လေ့ကျင့်ခန်းတွင် ပါဝင်နိုင်ပါသည်။ ကလေးများကိုယ်တိုင် သို့မဟုတ် ကျောင်းများတွင် ပန်းချီ ရုပ်ပုံများကို သိမ်းဆည်းထားနိုင်ပါသည်။)

အဖြေအချို့ကို နမူနာအဖြစ် အောက်တွင် ဖော်ပြထားပါသည်။

- *ပညာတတ်မိန်းကလေးတစ်ယောက်ကြီးပြင်းလာလျှင် ပညာတတ်အမျိုးသမီး တစ်ယောက်ဖြစ်လာပြီး ပိုမိုကျန်းမာ၍ စီးပွားရေးအရ စွမ်းဆောင်နိုင်စွမ်းရှိရန် အလားအလာများပြားသည်။ ၎င်းမှမွေးဖွားသော သားသမီးများသည်လည်း ကျောင်းတက်ရန် အလားအလာ ပိုမိုများပြားသည်။*
- *ပညာတတ် အမျိုးသမီးများသည် မိမိတို့ကိုယ်တိုင်အတွက်လည်းကောင်း၊ သားသမီးများအတွက်လည်းကောင်း ကျန်းမာရေးပြုစုစောင့်ရှောက်မှုကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးကြသည်။*
- *စောစီးစွာ လက်ထပ်မှုများ မဖြစ်တော့ဘဲ ရွှေ့ဆိုင်းထားနိုင်ပြီး အေအိုင်ဒီအက်စ် ကဲ့သို့သော ရောဂါများ ဖြစ်ပွားမှု လျော့နည်းကျဆင်းသည်။*

မိန်းကလေးများ ကျောင်းလုံးဝ မတက်ရလျှင် ဘဝနေထိုင်မှု မည်သို့ရှိမည်ကို ဆရာဆရာမက အတန်းအား ခန့်မှန်းကြည့်ပါစေ။

- *ပညာမတတ်ခြင်းကြောင့် ထိခိုက်ပုံကို ကလေးသူငယ်နှစ်ဦးသုံးဦးအား ပြောပြပါစေ။*

မိန်းကလေးများ အပါအဝင် လူတိုင်း ပညာတတ်ခြင်းဖြင့် အကျိုးကျေးဇူးရှိပုံကို ဆရာဆရာမက ဥပမာများဖြင့် ပြောပြပါ။ ဥပမာများတွင် အောက်ပါတို့ ပါဝင်နိုင်ပါသည်။

- *ပညာတတ်ပါက ပိုမိုကျန်းမာသည်။ ဘဝနေထိုင်ရာတွင် ကျန်းမာရေးနှင့် ပိုမိုညီညွတ်သော ရွေးချယ်မှုများ ပြုလုပ်သည်။ ကျန်းမာစွာနေထိုင်ခြင်းအကြောင်း သတင်းအချက်အလက်များလည်း ရယူနိုင်ကြသည်။*
- *ပညာတတ်ခြင်းဖြင့် ဝတ်မွတ်ခေါင်းပါးမှုကို တိုက်ဖျက်နိုင်သည်။ ပညာတတ် အမျိုးသမီးများ၏ သားသမီးများသည် အာဟာရပြည့်ဝသော ကလေးများဖြစ်ရန် အလားအလာ ပိုမိုများပြားသည်။*
- *ပညာတတ်ခြင်းဖြင့် အသက်ကယ်နိုင်သည်။ ပညာတတ်မိခင်တစ်ဦးတွင် ထွန်းကားသော ကလေးသူငယ် တစ်ဦးသည် အသက် ၅နှစ်အထိ ဆက်လက်ရှင်သန်ရန် နှစ်ဆပိုမို၍ အလားအလာကောင်းမွန်သည်။*
- *ပညာတတ်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်စေနိုင်သည်။*

အချို့သော အမျိုးသမီးများနှင့် မိန်းကလေးများ ကျောင်းတက်ခွင့်မရခြင်းမှာ တရားမျှတမှုရှိသည်ဟု ထင်မထင် ဆရာဆရာမက အတန်းကို မေးမြန်းပါ။

# ပန်းချီပြိုင်ပွဲ
# ၂၀၁၁ခုနှစ်

"မိန်းကလေးများ ပညာသင်ကြားခြင်းဖြင့် အားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းပုံ"

ကုလသမဂ္ဂ၏ မိတ်ဖက်များ မိန်းကလေးများ ပညာသင်ကြားရေး လုပ်ငန်း (UNGEI)၊ အရှေ့အာရှနှင့် ပစိဖိတ် (EAP) နှင့် တောင်အာရှ (SA) တို့က ပညာရေးတွင် ကျား-မ သာတူညီမျှမှု မြှင့်တင်ရေး တတိယ အကြိမ်ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင် ပန်းချီကားများ ပေးပို့ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်။

**မိန်းကလေးများ ပညာသင်ကြားခြင်းဖြင့် အားလုံး အတွက် အကျိုးကျေးဇူးဖြစ်ထွန်းပုံ** ကို ပေါ်လွင်အောင် ရေးဆွဲထားသော ရုပ်ပုံ ပန်းချီများကို ယခုနှစ်အတွက် တင်သွင်းပြိုင်ပွဲဝင်ပါရန် ဖိတ်ကြားပါသည်။

## ချီးမြှင့်မည့် ဆုများ

- ဆုရရှိသော ပန်းချီ ၁၃ချပ်ကို UNGEI (EAP နှင့် SA) "ပညာရေးတွင် ကျား-မ အခန်းကဏ္ဍ ပြက္ခဒိန် ၂၀၁၂ခုနှစ်" ၌ ထည့်သွင်းဖော်ပြပါမည်။ ယင်းပြက္ခဒိန်ကို အာရှ-ပစိဖိတ်ဒေသတစ်ဝန်း ကျယ်ပြန့်စွာ ဖြန့်ဝေပါမည်။
- ပြိုင်ပွဲတွင် အနိုင်ရရှိသူများအား တရားဝင် ဆုလက်မှတ် ချီးမြှင့်ပါမည်။
- ဆုရပန်းချီကားများကို ပြိုင်ပွဲစီစဉ်သော အဖွဲ့အစည်း အသီးသီး၏ ဝက်ဘ်ဆိုက်များတွင်လည်း လွှင့်တင်ထားပါမည်။ ထို့အပြင် ဆုရပန်းချီကားများနှင့် အခြား ပြိုင်ပွဲဝင်ပန်းချီကား အားလုံးကို UNGEI မိတ်ဖက် အဖွဲ့အစည်းများက အသီးသီး စာနယ်ဇင်းများ ထုတ်ဝေရာတွင်လည်းကောင်း၊ ဟောပြောတင်ပြချက်များ ပြုလုပ်ရာတွင်လည်းကောင်း၊ ဝက်ဘ်ဆိုက်များတွင် လည်းကောင်း၊ အများသိရှိရေးနှင့် စည်းရုံးလှုံ့ဆော်ရေး စာစောင်များတွင်လည်းကောင်း အသုံးပြုပါမည်။

## ပန်းချီကားအတွက်သတ်မှတ်ချက်များ

ပန်းချီများသည် "မိန်းကလေးများ ပညာသင်ကြားခြင်းဖြင့် အားလုံးအတွက် မည်ကဲ့သို့ အကျိုးကျေးဇူးဖြစ်ထွန်းကြောင်း" ပြိုင်ပွဲဝင်သူများ၏ ရှုမြင်ပုံကို ရေးဆွဲထားခြင်းဖြစ်ရမည်။

- A4အရွယ်အစား ပုံများဖြစ်ရမည်။
- ရောင်စုံ သို့မဟုတ် အဖြူအမည်း နှစ်သက်ရာ ရေးဆွဲနိုင်သည်။
- နှစ်သက်ရာ မည်သည့် ပန်းချီ ပစ္စည်းကိုမဆို အသုံးပြု၍ ရေးဆွဲနိုင်သည်။ (ရောင်စုံများ၊ ခဲတံများ၊ ဆေးများ စသည်ဖြင့်)
- ပန်းချီရေးဆွဲနိုင်သော အကြောင်းအရာ ဥပမာ အချို့မှာ
  - အားကစား
  - နေအိမ်တွင်း လုပ်ဆောင်မှုများ
  - အတူတကွကစားခြင်း
  - ကျောင်းပတ်ဝန်းကျင်

## မူပိုင်ခွင့်

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပန်းချီကားကို ပေးပို့ခြင်းဖြင့် ပြိုင်ပွဲဝင်သူသည် ပြိုင်ပွဲကျင်းပသော အဖွဲ့အစည်းဖြစ်သည့် UNGEI (EAP နှင့် SA)အား အခကြေးငွေ၊ အသိပေး အကြောင်းကြားခြင်း၊ ခွင့်ပြုချက်တောင်းခံခြင်း မပြုဘဲ အထက်ဖော်ပြပါ အဖွဲ့အစည်းများ၏ လုပ်ငန်းနှင့် ပတ်သက်သည့် စာနယ်ဇင်းများ၊ ဟောပြောတင်ပြချက်များ၊ ဝက်ဘ်ဆိုက်များ၊ စာရွက်စာတမ်းများနှင့် အများသိစေရေး စာစောင်များတွင် ပြိုင်ပွဲဝင် ပန်းချီကားကိုလည်းကောင်း၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ နိုင်ငံအမည်နှင့် အသက်အရွယ်တို့ကို လည်းကောင်း ဖော်ပြခွင့်ပေးပြီးဖြစ်သည်။

## မည်သူပြိုင်ပွဲဝင်နိုင်သနည်း။

- အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ နိုင်ငံသားများနှင့် ယင်းဒေသအတွင်း နေထိုင်သူများအားလုံး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။
- ပြိုင်ပွဲဝင်သူများသည် အသက် ၁၈နှစ် သို့မဟုတ် ထို့ထက် ငယ်ရွယ်သူများဖြစ်စေရမည်။
- မိန်းကလေးများရော၊ ယောကျ်ားလေးများပါ ပါဝင် ယှဉ်ပြိုင်ရန် အားပေးသည်။

## ပါဝင်ယှဉ်ပြိုင်နိုင်သည့် ပန်းချီကားအရေအတွက်

တစ်ဦးလျှင် ပန်းချီကား တစ်ကား သို့မဟုတ် တစ်ကားထက် ပို၍ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

## ပန်းချီကားကို ပေးပို့ရမည့် နည်းလမ်း

ပူးတွဲပါ ကိုယ်ရေးအချက်အလက် ပုံစံကို ဖြည့်စွက်ပြီး ပန်းချီကား၏ နောက်ဖက်တွင် အမည် အပြည့်အစုံ၊ အသက်အရွယ်၊ ကျား-မနှင့် နိုင်ငံအမည်ကို ဖော်ပြပါ။

ပန်းချီကားများ ပေးပို့ခြင်းသည် ပါဝင်ယှဉ်ပြိုင်သူအနေဖြင့် မိမိ၏ အမည်၊ အသက်အရွယ်နှင့် နိုင်ငံတို့ကို UNGEI စာနယ်ဇင်းများနှင့် ဝက်ဆိုက်များတွင် ဖော်ပြခြင်းအား သဘောတူညီသည်ဟု အဓိပ္ပါယ်သက်ရောက်စေရမည်။ အခြား မည်သည့် ကိုယ်ရေးအချက်အလက်ကိုမျှ ပုံနှိပ်ဖော်ပြမည် မဟုတ်ပါ။

ပန်းချီကားများကိုဖြစ်စေ၊ ဒစ်ဂျစ်တယ် ပုံစံဖြင့်ဖြစ်စေ တင်သွင်းနိုင်ပါသည်။

ပြိုင်ပွဲဝင် ပန်းချီများကို စာတိုက်မှတဆင့် အောက်ပါ လိပ်စာသို့ ပေးပို့စေလိုပါသည်။
UNESCO Bangkok
APPEAL Unit
920 Sukhumvit Road, Prakanong, Klongtoey
Bangkok 10110, Thailand

သို့မဟုတ် အီးမေးလ်ဖြင့် အောက်ပါ အီးမေးလ် လိပ်စာသို့ ပေးပို့ပါ။
gender.bgk@unesco.org

(ဒစ်ဂျစ်တယ် ပုံစံဖြင့် ပေးပို့သော ပန်းချီများသည် TIFF, EPS သို့မဟုတ် JPEG ပုံစံ format ဖြစ်စေရမည်။ resolution ခေါ် ကြည်လင်ပြတ်သားမှုမှာ 300 dpi ထက်မနည်း ရှိစေရမည်။)

ပြိုင်ပွဲဝင် ပန်းချီများ လက်ခံမည့် နောက်ဆုံးနေ့ရက်မှာ **၂၀၁၁ခုနှစ် ဩဂုတ်လ ၁ ရက်နေ့**ဖြစ်သည်။

### ဆုရပန်းချီများကို မဲပေးရွေးချယ်ခြင်း

ပြိုင်ပွဲဝင် ပန်းချီများ အားလုံးကို နှစ်ကျော့ မဲပေးပြီး ရွေးချယ်မည်။ (၁) ပထမအကျော့တွင် UNGEI မိတ်ဖက်အဖွဲ့အစည်းများက မဲပေးရွေးချယ်မည်။ (၂) ဒုတိယ အကျော့ မဲပေးခြင်းကို အင်တာနက်မှတဆင့် ပြုလုပ်မည် ဖြစ်ပြီး အများပြည်သူ ပါဝင်မဲပေးနိုင်သည်။

ဆုရပန်းချီများကို ၂၀၁၁ခုနှစ် နိုဝင်ဘာလတွင် ကြေညာမည်။

နောက်ထပ် သိရှိလိုပါက အီးမေးလိပ်စာ gender.bgk@unesco.org သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## စာမျက်နှာ ၂

# ပန်းချီပြိုင်ပွဲ
# ၂၀၁၁ခုနှစ်

"မိန်းကလေးများ ပညာသင်ကြားခြင်းဖြင့် အားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းပုံ"

### ပြိုင်ပွဲဝင်ရန် ပုံစံ

ပြိုင်ပွဲဝင်သူ တစ်ဦးစီအတွက်နှင့် ပြိုင်ပွဲဝင်သော ပန်းချီကားတစ်ချပ်စီအတွက် အောက်ပါတို့ကို **အင်္ဂလိပ်ဘာသာဖြင့်** ဖော်ပြပါ။

**First name** အမည် –

**Family name** မိသားစု အမည် –

**Age** အသက်အရွယ် –

**Sex (male/female)** ကျား–မ –

**Country** နိုင်ငံ –

**Postal address** လိပ်စာ –

**Email address** အီးမေးလ်လိပ်စာ –

ပန်းချီကားများ ပေးပို့ခြင်းသည် ပါဝင်ယှဉ်ပြိုင်သူအနေဖြင့် မိမိ၏ အမည်၊ အသက်အရွယ်နှင့် နိုင်ငံတို့ကို ဖော်ပြခြင်းအား သဘောတူညီသည်ဟု အဓိပ္ပါယ်သက်ရောက်စေရမည်။ အခြား မည်သည့် ကိုယ်ရေး အချက်အလက်ကိုမျှ အသုံးပြုမည် မဟုတ်ပါ။

ကလေးသူငယ်၏ လက်မှတ် ......................................................

အုပ်ထိန်းသူ/ဆရာဆရာမ၏ လက်မှတ် ................................